# အသွင်ကူးပြောင်းရေးကာလတရားမျှတမှုဆိုသည်မှာ
## (Transitional Justice)

အာဏာရှင်စနစ်ဖြင့် အုပ်ချုပ်မှုကာလများနှင့် ပဋိပက္ခများအတွင်း အကြီးအကျယ်လူ့အခွင့်အရေးချိုးဖောက်မှု အမိုက်မှောင်အတွင်း ကျရောက်နေပြီး အမှန်တရားမှာလည်း ဖုံးကွယ်ခြင်းနှင့် ကြိုးကိုင် ခြယ်လှယ်ခြင်းခံရသည်။ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းပြီးနောက်လည်း ပြစ်မှုကျူးလွန် သူများသည် အမြစ်တွယ်နေသည့် အပြစ်ပေး အရေးယူခံရခြင်းမှ ကင်းလွတ်မှုများကို အကာအ ကွယ်ယူကြသည်။ များသောအားဖြင့် အပြစ်ကျူးလွန်သူများသည် အာဏာကို အကြီးအကျယ်ချုပ်ကိုင်ထားကြပြီး ၎င်းတို့ထိန်းချုပ်ခဲ့သည့်ကာလ အဖြစ်အပျက်များကို လိမ်လည်၍ တင်းကြပ်စွာ ထိန်းချုပ်ထားကြသည်။ ပြည်သူလူထုအခွင့်အရေးမြှင့်တင်ရန်နှင့် အကာအကွယ်ပေးရမည့် အဖွဲ့အစည်း အသင်းအပင်းများသည်လည်း အင်အားချိနည့်ခြင်း သို့မဟုတ် ပြိုကွဲပျက်စီးသွားတတ်ကြ သည်။ လွတ်လပ်ပြီး တာဝန်ခံမှုရှိသည့် ဒီမိုကရေစီစနစ်ကို တည်ဆောက်မည်ဆိုပါက မည်သို့ဖြစ် ပျက်ခဲ့သည်ဆိုသည့် အမှန်တရားကိုစုံစမ်း ဖော်ထုတ် ဝေငှခြင်း၊ ပြစ်မှုကျူးလွန်သူများအား ခုံရုံးတင် ခြင်း၊ နစ်နာခဲ့ရသူများအား ကူညီခြင်း၊ ဂုဏ်ပြုပေးခြင်း၊ အကြီးအကျယ် ချိုးဖောက်မှု များ ထပ်မံမဖြစ်ပွားစေရေးအတွက် ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာပြုပြင်ပြောင်းလဲခြင်းများ ဆောင်ရွက်ကြရသည်။

အသွင်ကူးပြောင်းရေးကာလတရားမျှတမှု မူဘောင်သည် အကြီးအကျယ် ချိုးဖောက်ခဲ့သည့် သမိုင်းကို ကိုင်တွယ်ရာတွင် လုပ်ငန်းများ တိုးတက်စေရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ထိရောက်သည့် မဟာဗျူဟာများ ချ မှတ်ရန် ကူညီပံပိုးပေးသည့် ကရိယာဖြစ်သည်။ ယေဘူယျအားဖြင့် အဓိက အခြေခံသဘောတရား လေးပိုင်း ခွဲခြားထားသည်။ အမှန်တရားရှာဖွေခြင်း၊ တာဝန်ရှိသူများအားတရားစွဲခြင်း၊ နစ်နာခဲ့ရသူများ၏ ဂုဏ်သိက္ခာနှင့် ဘဝကိုပြန်လည် တည်ဆောက်နိုင်ရန် ကူညီပေးခြင်း (ပြန်လည်ပြုစုပေးလျော်ခြင်း) နှင့် (အတိတ်မှ ဆိုးရွားသည့် ချိုးဖောက်မှုများ) ထပ်မံ မဖြစ်ပွားစေရေးအတွက် အာမခံပေးခြင်း (အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေး) တို့ဖြစ်သည်။

အဆိုပါ အခြေခံသဘောတရားများမှာ အပြန်အလှန် အမှီပြုနေသည်။ ထို့ကြောင့် ထိရောက်သည့် ကိုင်တွယ်ဖြေရှင်းမှုများတွင် အားလုံးပါဝင်မှုရှိခြင်း၊ မတူကွဲပြားသည့် ရွေးပြေးဆောင်ရွက်ချက်များသည် အခြေအနေအကြောင်းအရာနှင့် ဆီလျော် သင့်တော်သည့် အစီအစဉ်များဖြစ်ရန်လိုခြင်း၊ အထိအခိုက်မခံသည့် လိင်ပိုင်းဆိုင်ရာ ကွဲပြားမှုအပေါ် ချဉ်းကပ်မှုကလည်း ချိုးဖောက်မှုများကြောင့် အမျိုးသားနှင့် အမျိုးသမီးများအပေါ် မတူကွဲပြားစွာ သက်ရောက်မှုကို နားလည်သဘောပေါက်စေရန်လိုအပ်ပြီး၊ အားအနည်းဆုံးသူများနှင့် ဖယ်ကြဉ်ခံထားရသူများ ပါဝင်ဆောင်ရွက် နိုင်စေရန် သေချာစေရမည်။

အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုသည်မှာ တာဝန်ယူ တာဝန်ခံမှုရှိစေရန်၊ တရားမျှတမှုရရှိစေရန်နှင့် ပြန်လည် သင့်မြတ်စေရန်အတွက် အမျိုးမျိုးအဖုံဖုံသော ဖြစ်စဉ်၊ ယန္တယားနှင့် အတိတ်ကာလမှ ကြီးမားသည့် မတော်တရားဖိနှိပ်မှု ဆိုးမွေကို လူ့အသိုင်းအဝိုင်းက ကြိုးပမ်းကိုင်တွယ်ဆောင်ရွက်ရန် ပေါင်းစပ်ထားသည့် လုပ်ငန်းဖြစ်သည်။ အသွင်ကူးပြောင်းရေး ကာလတရားမျှတမှု ဖြစ်စဉ်နှင့် ယန္တရားသည် တရားဥပဒေစိုးမိုးရေး အတွက် အထောက် အကူပြုစေမည့် အရေးပါသည့် အစိတ်အပိုင်းဖြစ်သည်။[၁]




ယခုပုံစံကို Transitional Justice Research Clinic မှ သရုပ်ဖော်ထားသည့် “အသွင်ကူးပြောင်းရေး ကာလ တရားမျှတမှု အစိတ်အပိုင်းများ” မှ ပြန်လည်အသုံးပြုထားခြင်းဖြစ်ပါသည်။

# အမှန်တရား (TRUTH)

အကြီးအကျယ် ချိုးဖောက်မှုများကို တွေ့ကြုံခံစားရမှုများသည် တခါတရံသာ သီးသန့်အဖြစ် ရှိနေတတ်ပြီး အတွေ့အကြုံ အဖြစ်အပျက်များသည် တနေရာတည်းတွင်ပင် ထပ်ကာတလဲလဲ ဖြစ်ပွားကာ ချိုးဖောက်မှု သံသရာလည်နေတတ်သည်။ ထပ်ကာတလဲလဲ ဖြစ်ပွားမှုများအတွက် အဓိကပါဝင်သူများ (ပြုမူသူများ) သည် မည်သို့ဖြစ် ပျက်ခဲ့သည် ဆိုသည့် အမှန်တရားကို ရဲရဲဝံ့ဝံ့နှင့် ရိုးသားစွာ ရင်ဆိုင်ရန် ငြင်းဆန် တတ်ကြသည်။ ဒီမိုကရေစီ အုပ်ချုပ်ရေးသို့ အသွင်ကူးပြောင်းရာ တွင် အပြောင်းအလဲ ကိုယ်တိုင်က ပဋိပက္ခများ၏ အခြေခံအကြောင်း တရားများနှင့် ကြီးမားသည့် ရာဇဝတ်မှုများ ဖြစ်ပေါ်စေရန် အထောက်အကူပေးနေသည့် အချက်များကို ဖယ်ရှား၍မရသလို ချိုးဖောက်မှု သံသရာ အရှိန်ရစေရန် တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍သော်လည်းကောင်းပါဝင်ပြီး ဩဇာအာဏာကြီးမားသည့် ပြစ်မှုကျူးလွန်သူများကို တာဝန်ခံမှုရှိစေရန် မဆောင် ကြဉ်းနိုင်ပေ။ လူ့အသိုင်း အဝိုင်းအနေဖြင့် ထိပ်တိုက်ရင်မဆိုင်ဘဲ (အတိတ်တွင်) မည်သို့ဖြစ်ပျက်ခဲ့သည်။မည်သူ့တွင် တာဝန်ရှိသည်၊ နစ်နာသူများအပေါ် သက်ရောက်မှုနှင့် ချိုးဖောက်မှုများ၏ အရင်းခံအကြောင်းတရားများကို မလေ့လာဘဲနှင့် ကြီးမားနက် ရှိုင်းပြီး ပျက်စီးရာပျက်စီးကြောင်း ဖြစ်စေသည့် သံသရာကို မရန်တန့်နိုင်ပေ။

အစိုးရနှင့် လူထုအခြေပြုအဖွဲ့အစည်းများအနေဖြင့် အကြီးအကျယ်လူ့အခွင့်အရေးချိုးဖောက်မှုများ၏ အဖြစ်မှန် အမှန်တရားကို မတူကွဲပြားသည့် နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်သည်။ အမှန်တရားရှာဖွေရေးအတွက် ကနဦး ဆောင်ရွက်ချက်များကို တရားဝင် သို့မဟုတ် အလွတ်သဘောဖြင့် ဆောင်ရွက်နိုင်သည်။ တရားဝင် အမှန်တရား ရှာဖွေရေးအတွက် ကြိုးပမ်းမှုများတွင် အမှန်တရားနှင့် တရားမျှတမှုကော်မရှင်များ (TRCs)၊ စုံစမ်းဖော်ထုတ်ရေး ကော်မရှင်များ၊ အမျိုးသားလူ့အခွင့်အ ရေးကော်မရှင်များ၏ စုံစမ်းစစ်ဆေးမှုများ၊ အချက်အလက်ရှာဖွေရေးကော်မရှင်များ၊ ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများနှင့် အစိုးရမှ ဦးဆောင်ဦးရွက်ပြု ဆောင်ရွက်သည့် အခြားသော စုံစမ်းဖော်ထုတ်မှုများပါဝင်သည်။

အမှန်တရားကော်မရှင်တိုင်းသည် ထူးခြားသည့် အဖွဲ့အစည်းများဖြစ်ကြသည်။ သို့သော်လည်း ၎င်းတို့ မူလတာဝန်မှာ ပုံမှန်အားဖြင့် နစ်နာခံစားရသူများနှင့် မျက်မြင်သက်သေများ ထံမှ ထွက်ဆိုချက်များကို စုဆောင်းခြင်း၊ အကြောင်းအရာအလိုက် သုတေသနပြုခြင်း၊ လိင် ပိုင်းဆိုင်ရာ ကွဲပြားသူများနှင့် ကလေးသူငယ်များအပေါ် ချိုးဖောက်မှုနှင့် အခြေခံအကြောင်း တရားများ၊ အကျိုးဆက်များအပေါ် ဆန်းစစ်ခြင်း၊ လူထုကြားနာပွဲများ စီစဥ်ဆောင်ရွက်ခြင်း၊ သိမြင်နားလည်စေမည့် တခြားလုပ်ငန်းစဥ်များ၊ တွေ့ရှိချက်များနှင့် အကြံပြုချက်များ ပုံဖော်ပြထားသည့် အဆုံးသတ် အစီရင်ခံစာ ပုံနှိပ်ထုတ်ဝေခြင်းတို့ ပါဝင်သည်။[၂]

အလွတ်သဘော အမှန်တရားရှာဖွေရေးအတွက် ဆောင်ရွက်ရာတွင် ချိုးဖောက်မှုများအတွက် အခြေခံလူထု၏ မှတ်တမ်းတင်မှုများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၏ အစီရင်ခံစာများ၊ သတင်းမီဒီယာများ၏ စုံစမ်းဖော်ထုတ်မှုများ၊ မှတ်တမ်းရုပ်ရှင်များ၊ ရေဒီယို အစီရင်ခံမှုများနှင့် ပညာရပ်ဆိုင်ရာ သုတေသနများ ပါဝင်သည်။ တချို့အခြေအနေများတွင် လူထုအခြေပြုအဖွဲ့အ စည်းများသည် အစိုးရ၏ တာဝန်ပျက်ကွက်မှုကို ကြုံတွေ့ရသည့်အခါ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်စစ်သားများက အရပ်သားအမျိုးသမီးများအပေါ် "ဇိမ်မယ်" အဖြစ် အကြီးအကျယ် မုဒိန်းကျင့်ခဲ့ မှုများကို အဓိကထားပြီး တိုကျိုတွင် ၂၀၀၀ ခုနှစ်က ကျင်းပခဲ့ခြင်းမျိုး (သို့မဟုတ်) အင်ဒိုနီးရှားတွင် ၁၉၆၅ ခုနှစ်က ဖြစ်ပွားခဲ့သည့် ပြည်သူ ၅သိန်းကျော်အား အကြီးအကျယ်သတ်ဖြတ်မှုကို အဓိက ထားပြီး ၂၀၁၅ ခုနှစ်က သည်ဟိဂ်မြို့တွင် ကျင်းပခဲ့သည့် အလွတ်သဘော ကော်မရှင်မျိုး၊ သရုပ်ပြ တရားစီရင်ခြင်း သို့ ပြည့်သူ့ခုံအဖွဲ့များဖွဲ့စည်း ဆောင်ရွက်ကြသည်။



# တရားစွဲဆိုခြင်း (PROSECUTIONS)

လူသမိုင်းဖြစ်စဥ်အရ အကြီးအကျယ် ရက်စက်ကြမ်းကြုတ်မှုများကို ကျူးလွန်ရန် ခေါင်းဆောင်များ မှ ဆုံးဖြတ်ချက်ခဲ့ကြပြီး ၎င်းတို့အနေဖြင့် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအတွက် တာဝန်ယူစရာမ လိုဟု ယုံကြည်စိတ်ချကြသည်။ အဆိုပါ အပြစ်ကျူးလွန်သော်လည်း အရေးယူခြင်းမခံရမှုသည် ကမ္ဘာ့နေရာ အတော်များများတွင် အကြီးအကျယ်ဖြစ်ပွားသည့် ရာဇဝတ်မှုများ ထပ်ကာ၊ ထပ်ကာ ဖြစ်ပွားစေရန် အဓိက အထောက်အကူဖြစ်စေသည့် အချက်ဖြစ်သည်။ အလွန့်အကျွံလူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် တာဝန်ယူရန် တရားစွဲဆိုခြင်းတွင် နိုင်ငံတကာ ရာဇဝတ်မှု ဥပဒေကို ဆန့်ကျင်သည့် အဓိကပြစ်မှုများကို ဟန့်တားရန် မဖြစ်မနေလိုအပ်ပြီး ဥပဒေစိုးမိုးရေးကို ပြန်လည် တည်ဆောက်ရမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ခြင်းဖြင့် ဩဇာရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့များနှင့် သာမန်ပြည်သူများသည် ၎င်း တို့၏ လုပ်ရပ်အတွက် တန်းတူညီမျှတာဝန်ယူရမည်ဖြစ်သည်ဆိုသည့် အရေးပါသည့် သတင်းစ ကားကို သတ်မှတ်ပြဌာန်းပေးလိုက်ခြင်းဖြစ်သည်။

"အလွန့်အကျွံလူ့အခွင့်အရေးချိုးဖောက်မှုများ" အဖြစ် အဓိကပြစ်မှုများကို နိုင်ငံတကာဥပဒေက အောက်ပါအတိုင်း လက်ခံထားသည်။[၃]

၁။ လူမျိုးတုန်းသတ်ဖြတ်မှု (Genocide)။ ကျိန်းသေသည့် လုပ်ရပ်များအဖြစ် တိုင်းရင်းသား၊ လူမျိုးစု သို့မဟုတ် ဘာသာရေး အုပ်စုများ အပေါ် တစုံလုံး သို့မဟုတ် တစိတ်ပိုင်းကို ရည်ရွယ် ချက်ရှိရှိ ဖျက်ဆီးခြင်း။ ထိုလုပ်ရပ်များတွင် သတ်ဖြတ်ခြင်း၊ ရုပ်ပိုင်း (သို့) စိတ်ပိုင်းကို ဆိုးဆိုးရွားရွား ထိခိုက်စေခြင်း၊ ကလေးများအား အတင်းအကြပ် ပြောင်းရွှေ့ခြင်း၊ နိုင်ငံသား၊ တိုင်းရင်းသား၊ လူမျိုး စု (သို့) ဘာသာရေးအုပ်စုများအကြား ရည်ရွယ်ချက်ရှိရှိ မွေးဖွားမှုကို ဟန့်တားသည့် ပြဌာန်းချက် များ အကန့်အသတ်မရှိ ချမှတ်ခြင်းတို့ ပါဝင်သည်။

၂။ လူသားဖြစ်တည်မှုကို ဆန့်ကျင်သည့်ပြစ်မှု (Crimes Against Humanity)။ အရပ်သားပြည်သူလူထုအပေါ် ကျယ်ကျယ်ပြန့်ပြန့် (သို့) စနစ်တကျ တိုက်ခိုက်မှု၏ အစိတ်အပိုင်း တခုအဖြစ် ကျူးလွန်မှုများ ပါဝင်သည်။ သတ်ဖြတ်မှု၊ ထောင်သွင်း အကျဥ်းချထားမှု၊ ညှဥ်းပန်းနှိပ် စက်မှု၊ အဓမ္မပြုကျင့်မှု၊ လိင်ပိုင်းဆိုင်ရာ ကျွန်ပြုမှုနှင့် ဖျောက်ဖျက်မှုများ အကန့်အသတ်မရှိ ကျူး လွန်ခြင်းတို့ ပါဝင်သည်။

၃။ စစ်ရာဇဝတ်မှု (War Crime)။ လက်နက်ကိုင်ပဋိပက္ခအတွင်း ဥပဒေနှင့် စစ်ပွဲ၏ အစဥ်အလာများကို ချိုးဖောက်မှုများပါဝင်သည်။ သတ်ဖြတ်မှု၊ ထောင်သွင်း အကျဥ်းချထားမှု၊ ညှဥ်းပန်းနှိပ် စက်မှု၊ အဓမ္မပြုကျင့်မှုနှင့် ကျွန်ပြုမှုများ အကန့်အသတ်မရှိ ကျူးလွန်ခြင်းတို့ ပါဝင်သည်။

၄။ ရန်လိုမှု၊ ကျူးကျော်မှု (Aggression)။ နိုင်ငံတနိုင်ငံမှ လက်နက်ကိုင်အဖွဲ့အစည်းအင်အား အသုံးပြု၍ အခြား အချုပ်အခြာ အာဏာပိုင်မှု၊ ပိုင်နက်နယ်မြေအနေအထားရ ပေါင်းစည်းထားမှု (သို့) နောက်တနိုင်ငံ၏ နိုင်ငံရေးအရ လွတ်လပ်မှု (သို့) ကုလသမဂ္ဂ၏ ပဋိညာဉ်များနှင့် မကိုက်ညီပဲ ဆန့်ကျင်တိုက်ခိုက်ရန် စီမံချက်ချခြင်း၊ ပြင်ဆင်ခြင်း၊ ရှေ့ဆောင်ရှေ့ရွက်ပြုခြင်း (သို့) အကောင်အထည်ဖော်ခြင်း။ တသီးပုဂ္ဂလအနေဖြင့် အဆိုပါပြစ်မှုကို ကျူးလွန်သူသည် နိုင်ငံ၏ နိုင်ငံရေး (သို့) စစ်ရေးအပေါ် ထိန်းချုပ်နိုင်သူ နိုင်ငံခေါင်းဆောင်များ ဖြစ်နိုင်သည်။

အဆိုပါ ပြစ်မှုများကို နိုင်ငံတကာ၊ ဖက်စပ်ခုံရုံး (နိုင်ငံတကာနှင့် ပြည်တွင်း) (သို့) ပြည်တွင်းခုံရုံးများ တွင် စွဲဆိုနိုင်သည်။

နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) သည် နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့တွင် ရုံးထိုင်သည့် အမြဲတန်း နိုင်ငံတကာ ခုံရုံးဖြစ်သည်။ ၂၀၀၂ ခုနှစ်တွင် စတင်တည်ထောင်သည်။ ICC ကို ဖွဲ့စည်းပြ ဌာန်းပေးပြီး ရောမဥပဒေဟု လူသိများသည့် ဥပဒေကို

နိုင်ငံပေါင်း ၁၂၀ က လက်မှတ်ထိုးထား သည်။ ICC မတိုင်မီက ယူဂိုဆလားဗီးယားနိုင်ငံဟောင်းအတွက် နိုင်ငံတကာ ရာဇဝတ်မှုခုံရုံး (ICTY) နှင့် ရဝမ်ဒါဆိုင်ရာ နိုင်ငံတကာရာဇဝတ်မှုခုံရုံး (ICTR) ဆိုသည့် အထူးခုံရုံးနှစ်ခုကို လုံခြုံ ရေးကောင်စီက ဖွဲ့စည်းပေးခဲ့သည်။ ICC သည် ICC အဖွဲ့ဝင်နိုင်ငံများ၏ နယ်နမိတ်အတွင်းဖြစ်ပွားသည့် ရာဇဝတ်မှုများနှင့် ကျိန်းသေသည့် အခြေအနေအောက်တွင် အဖွဲ့ဝင်နိုင်ငံမဟုတ်သည့် နယ် နိမိတ်တွင် ဖြစ်ပွားသည့် ရာဇဝတ်မှုများကိုလည်း တရားစီရင်နိုင်သည်။

ICC ၏ လုပ်ပိုင်ခွင့်များတွင် အောက်ပါ အရေးကြီးသည့် အခြေခံသဘောတရားများပါဝင်သည်။

- အစပ်ဖက်၊ လိုက်ဖက်မှု (Complementarity)။ အကယ်၍ နိုင်ငံတနိုင်ငံက ဆန္ဒမရှိတော့သည့် အခါ (သို့) စုံစမ်းစစ်ဆေးရန် (သို့) အဆိုပါ ရာဇဝတ်မှုများကို တရားစီရင်ခြင်းငှာ မစွမ်းဆောင်နိုင် တော့ သည့်အခါ ICC အနေဖြင့် ၎င်း၏ လုပ်ပိုင်ခွင့်အတိုင်း ဆက်လက်ဆောင်ရွက်နိုင်သည်။
- ICC မတိုင်မီက အမှုများကို စီရင်နိုင်မှုမရှိခြင်း (Non-retroactivity)။ ICC စတင်ဖွဲ့စည်းခဲ့ သည့် ၂၀၀၂ ခုနှစ် နောက်ပိုင်းတွင် ဖြစ်ပွားသည့် ရာဇဝတ်မှုများကိုသာ စီရင်ရန် သို့မဟုတ် ICC ကိုဖွဲ့စည်းပြီး နောက် ပူးပေါင်းခဲ့သည့်နိုင်ငံသည် ရောမဥပဒေကို လက်မှတ်ထိုးသည့်ရက်မှစပြီး ဖြစ်ပွားသည့် အမှုကိုသာ စီရင်ရန် လုပ်ပိုင်ခွင့်ရှိသည်။
- ဆန္ဒအလျောက် အဖွဲ့ဝင်ဖြစ်မှု (Voluntary Membership)။ ရောမဥပဒေကို ဆန္ဒအ လျောက်လက်မှတ်ရေးထိုးသည့် နိုင်ငံကိုသာ ICC လုပ်ပိုင်ခွင့်အတိုင်း ဆောင်ရွက်နိုင်ခွင့်ရှိ သည်။ ခြွင်းချက်အနေဖြင့် နိုင်ငံတနိုင်ငံသည် ရောမဥပဒေကို လက်မှတ်မရေးထိုးထား သော်လည်း ကုလသမဂ္ဂလုံခြုံရေး ကောင်စီကူ ဃဃ သို့ စုံစမ်းစစ်ဆေးရန် လွှဲပြောင်းပေးခဲ့ လျှင် ICC မှ ဆက်လက်ဆောင်ရွက်နိုင်သည်။ သို့သော်လည်း အမြဲတန်းအဖွဲ့ဝင်နိုင်ငံများ ဖြစ်သည့် အမေရိကန်၊ ရုရှား၊ တရုတ်၊ ယူကေ (သို့) ပြင်သစ်နိုင်ငံတို့က လုံခြုံရေးကောင်စီ၏ လွှဲပြောင်းမှုကို ဗီတိုသုံးပယ်ချနိုင်သည်။ မကြာသေးမီနှစ်များက အမြဲတန်းအဖွဲ့ဝင် တနိုင်ငံ (သို့) နိုင်ငံများက အရေးပါသည့် အကြီးအကျယ်လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်ပြီး ဗီတိုအသုံးပြုခဲ့ကြသည်။

ဖက်စပ် (သို့) ပေါင်းစပ်ထားသည့်ခုံရုံး (Hybrid or Mixed Courts)။ ခုံရုံးကို နိုင်ငံတကာနှင့် ပြည်တွင်းရှိ တရားသူကြီးများ၊ ရှေ့နေများနှင့် စုံစမ်းစစ်ဆေးသူများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည်။ ဥပမာအနေဖြင့် ဆီရာလီယွန်းအတွက် အထူးခုံရုံး (SCSL)၊ ထူးခြားသည့် ကမ္ဘောဒီးယားခုံရုံး (ECCC)၊ လက်ဘနွန်ဆိုင်ရာ အထူးခုံရုံး (STL) နှင့် အထူးခုံရုံးနှင့် ကြီးလေးသော ရာဇဝတ်မှုများဆိုင်ရာ တီမောလက်တီး ခုံရုံးတို့ဖြစ်ကြသည်။

ပြည်တွင်းခုံရုံးများ (National Courts)။ နိုင်ငံတကာ ရာဇဝတ်မှုများနှင့် ပတ်သက်ပြီး ပြည်တွင်းဥပဒေက အသိ အမှတ်ပြု လက်ခံထားလျှင် ပြည်တွင်းခုံရုံးများကလည်း အဆိုပါ ာဇဝတ်မှုများကို ကိုင်တွယ်ဆောင်ရွက်နိုင်သည်။ ဥပမာအနေဖြင့် အာရှတွင် အင်ဒိုနီးရှားနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် အကြီးအကျယ် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကိုင်တွယ်ရန် ပြည်တွင်း ဥပဒေပြဋ္ဌာန်းပြီး ခုံရုံးကိုလည်း ဖွဲ့စည်းခဲ့ သည်။

နိုင်ငံတကာခုံရုံးများကြောင့် ရရှိသည့် အကျိုးကျေးဇူးမှာ ဥပဒေရေးရာတွင် နက်နက်နဲနဲ ကျွမ်းကျင်သူများနှင့် ဓမ္မဓိဋ္ဌာန်ရှိမှုတို့ဖြစ်သည်။ သို့သော်လည်း ၎င်းတို့အတွက်ငွေကုန် ကြေးကျ အရမ်းများပြီး ၎င်းတို့၏ ဆောင်ရွက်ချက်မှာလည်း ချိုးဖောက်မှုများကို ခံစားနစ်နာခဲ့ရသူများ၏ သဘောဆန္ဒနှင့် ဝေးကွာလွန်းပြီး အမှန်တကယ် မည်သို့ ဖြစ်ပျက်ခဲ့သည်ဆိုသည်ကိုလည်းလေ့လာရန် လိုအပ်နေသည်။ ဖက်စပ်နှင့် ပြည်တွင်း ခုံရုံးများ၏ ဆောင်ရွက်ချက်မှာ ရာဇဝတ်မှုများ ဖြစ်ပျက်ခဲ့သည့် ဒေသအခြေ အနေနှင့် ဆက်စပ်ပြီး ပြန်လည်သင့်မြတ်စေရန်အတွက်အထောက်အကူပြုပေးပြီး ကုန်ကျစားရိတ်လည်း နည်းပါးသည်။ သို့သော်လည်း ၎င်းတို့အနေဖြင့် နိုင်ငံရေးဩဇာ လွှမ်းမိုးမှုကို တွန်းကန်ကြရ ပြီး အရည်အချင်းနိမ့်ကျပြီး လုပ်ရည်ကိုင်ရည် နိမ့်ပါးသည့် ပြည်တွင်း စနစ်များဖြင့် ရှုပ်ထွေးသည့် နိုင်ငံတကာ ရာဇဝတ်မှုများကို ကိုင်တွယ်ကြရသည်။

နိုင်ငံတကာ တရားစီရင်ပိုင်ခွင့် (Universal Jurisdiction)။ နိုင်ငံများသည် မည်သည့်နေရာ (သို့) မည်သူ့အပေါ်တွင်ဖြစ်စေ အကြီးအကျယ်ကျူးလွန်ခဲ့သည့် ပြစ်မှုများနှင့် ပတ်သက်ပြီး ကျူးလွန်သူများကို တရားစွဲဆိုနိုင်ခြင်း ဖြစ်သည်။ နိုင်ငံတကာတရားစီရင်ပိုင်ခွင့် (UJ) ကို နိုင်ငံများ သည် ပြည်တွင်းဥပဒေပြဋ္ဌာန်းခြင်းဖြင့် ရာဇဝတ်မှုကို ၎င်းတို့၏ နိုင်ငံနယ်နိမိတ်၏ပြင်ပတွင် ကျူးလွန်စေကာမူ၊ ပြစ်မှုကျူးလွန်သူဟု သံသယဖြစ်သူကို ဖမ်းဆီး၊ တရားစွဲဆိုနိုင်သည်။



# ပြန်လည်ကုစားပေးလျော်မှု (REPARATIONS)

အာဏာရှင်စနစ်အောက်တွင် အကြီးအကျယ် ချိုးဖောက်မှုများ နှစ်ပေါင်းများစွာ ဖြစ်ပွားခဲ့သည့် အတွက် တိုင်းသူပြည်သားများနှင့် နိုင်ငံတော်အစိုးရအကြား ဆက်ဆံရေးများ အလွန်ဆိုးရွားစွာ ထိခိုက် ပျက်စီးသွားသည်။ ပျက်စီးသွားသည့် ဆက်ဆံရေးကို ပြန်လည်တည်ဆောက်ရန်အတွက် အစိုးရမှ ဂရုစိုက် ပြုစုစောင့်ရှောက်ရန်နှင့် အစိုးရ၏ အဓိကတာဝန်ဖြစ်သည့် နိုင်ငံသားများအား ကြီးလေးသည့် လူ့အခွင့်အရေးချိုး ဖောက်မှုများမှ ကာကွယ်ပေးရန် ပျက်ကွက်ခဲ့မှုအပေါ် တာဝန်ယူရန် သတင်းစကား ကမ်းလှမ်းရန် လိုအပ်သည်။ ထိုသို့ပြုလုပ်ရန် အထူးအရေးကြီးရခြင်းမှာ ချိုး ဖောက်မှုများတွင် အစိုးရအာဏာပိုင်များမှ ပြစ်မှုကျူးလွန်သူများအဖြစ် ပါဝင်ခဲ့သည့်အတွက်ဖြစ် သည်။ ထိုတာဝန်ကို ဖြည့်ဆည်းပေးရန်အတွက် အဓိကသော့ ချက်မှာ နစ်နာခံစားရသူများနှင့် ၎င်းတို့၏ မိသားစုဘဝများ ပြန်လည်တည်ဆောက်နိုင်ရန်အတွက် ထိရောက်သည့် ခြေလှမ်းများဖြင့် ကူညီပေးရန်ဖြစ်သည် (ပြန်လည်ကုစား ပေးလျော်မှု)။

ပြန်လည်ကုစားပေးလျော်မှု လုပ်ငန်းစဉ်အတွက် အောက်ပါ အခြေခံသဘောတရားများ ပါဝင်သည်။[၆]

- ပေးလျော်ခြင်း (Compensation)။ နစ်နာခံစားရသူများ၏ ဘဝအား ထိခိုက် ပျက်စီးခဲ့ရမှုအ တွက် ပေးလျော်ခြင်း။
- ပြန်လည်ဖြည့်ဆည်းပေးခြင်း (Restitution)။ ဆိုးရွားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ မဖြစ်ပွားမီက နစ်နာခံစားရသူများ၏ မူလအခြေအနေအတိုင်း ပြန်လည်ရရှိစေရန် ဆောင်ရွက်ပေးခြင်း။
- ပြန်လည်ထူထောင်ပေးခြင်း (Rehabilitation)။ ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာ၊ ဥပဒေရေးရာနှင့် လူမှုရေးဝန်ဆောင်မှုများ ထောက်ပံ့ပေးခြင်းတို့ ပါဝင်သည်။
- ကျေနပ်နှစ်သက်မှု (Satisfaction)။ ခံစားနစ်နာမှုများအတွက် အသိအမှတ်ပြုခြင်းနှင့် အထိမ်းအမှတ် အမှတ်တရပြုပေးမှုများ ပါဝင်သည်။
- ထိရောက်သည့် ပြုပြင်ပြောင်းလဲမှုများ (Effective Reforms)။ နစ်နာခံစားရသူများအ တွက် ချိုးဖောက်မှုများ ထပ်မံမခံစားရစေရန် အာမခံပေးခြင်းဖြစ်သည်။

ပြန်လည်ကုစားပေးလျော်မှုများကို ရုပ်ဝတ္ထု (သို့) သင်္ကေတပြုမှု၊ တဦးချင်း (သို့) စုပေါင်း၍ ပေးအပ် ဆောင်ရွက်နိုင်သည်။

- ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ပြန်လည်ကုစားပေးလျော်မှု (Material reparations)။ ငွေကြေးပေး ချေခြင်း၊ ပင်စင်ခံစားခွင့်ပြုခြင်း၊ အခမဲ့ ဆေးကုသခွင့်၊ ပညာသင်ဆု၊ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများနှင့် အသေးစားချေးငွေများ ပါဝင်သည်။
- သင်္ကေတပြုမှုဆိုင်ရာ ပြန်လည်ကုစားပေးလျော်မှု (Symbolic reparations)။ နစ်နာခံစားရသူများ၏ အတွေ့အကြုံများကို အများပြည်သူ အသိအမှတ်ပြု သိရှိလာ စေရန် ဖော်ထုတ်ခြင်း။ အထိမ်းအမှတ် အမှတ်တရများ ပြုလုပ်ခြင်း၊ အများပြည်သူနှင့်ဆိုင် သည့် နေရာများကို နာမည်အသစ်ပေးခြင်း၊ နိုင်ငံတော်နှင့် ပြစ်မှုကျူးလွန်သူများမှ ဝန်ချတောင်းပန်ခြင်းနှင့် အောက်မေ့ဖွယ် နေ့ထူးနေ့မြတ်များ ဖန်တီး သတ်မှတ်ပေးခြင်းတို့ ပါဝင်သည်။
- တဦးချင်း ပြန်လည်ကုစားပေးလျော်မှု (Individual Reparations)။ နစ်နာခံစားရသူ တဦးချင်း အလိုက် ထိခိုက်မှုများကို အသိအမှတ်ပြုခြင်းနှင့် လက်ဆုပ်လက်ကိုင်ပြနိုင်သည့် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ခံစားမှုများ ထောက်ပံ့ပေးခြင်း။
- စုပေါင်းပေးအပ်သည့် ပြန်လည်ကုစားပေးလျော်မှု (Collective Reparations)။ လူ့အခွင့်အရေးချိုးဖောက်မှုကို အုပ်စုလိုက် ခံစားရသူများ (သို့) ပုံစံတူ ချိုးဖောက်မှုကို ခံစားခဲ့ရသူများအား ထောက်ပံ့ပေးအပ်သည့် ခံစားမှုများ။

ပြန်လည်ကုစားပေးလျော်မှု လုပ်ငန်းစဉ်တွင် မဖြစ်မနေ ပါဝင်ရမည်ဖြစ်ပြီး နစ်နာခံစားရသူများ အနေဖြင့်လည်း ၄င်းတို့ ခံစားခဲ့ရသည့် အမှန်တကယ်ဖြစ်ရပ်များကို အသိအမှတ်မပြုပဲ အကျိုးခံစား ခွင့်များ မပေးရန် (လက်မခံရန်) သိရှိနားလည် ကျင့်သုံးစေရန် အခွင့်အရေး ပေးရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြန်လည်ကုစားပေးလျော်ရမည့် နိုင်ငံတကာဆိုင်ရာ တရားဝင် တာဝန် ဝတ္တရားရှိသည်။ သို့သော်လည်း နိုင်ငံတော်အနေဖြင့် အဆိုပါ တာဝန်ဝတ္တရားကို ထမ်းဆောင်ရန် ပျက်ကွက်ပါက လူထု အခြေပြုအဖွဲ့အစည်းများအနေဖြင့် လူ့အသိုင်းအဝိုင်းကို အခြေခံသည့် ပြန်လည်ကုစားပေးလျော်မှု လုပ်ငန်းစဉ်များ၊ နစ်နာခံစားရသူများအား တစုံတရာ အသိအမှတ်ပြုမှု ရှာဖွေပေးခြင်းနှင့် အကူအညီများ ထောက်ပံ့ပေးခြင်းကို ဦးဆောင်ဦးရွက်ပြု ဆောင်ရွက်နိုင်သည်။

## GUARANTEES OF NON-REPETITION (INSTITUTIONAL REFORM)

## ထပ်မံမဖြစ်ပွားစေရန် အာမခံခြင်း (အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှု)

အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု (TJ) ဘောင် ၄ ခုအတွင်းမှ ၃ ခုမှာ အမှန်တရား၊ တရားစွဲဆိုခြင်းနှင့် ပြန်လည်ကုစားပေးလျော်မှုတို့ဖြစ်ပြီး အတိတ်တွင် မည်သို့ဖြစ်ပျက်ခဲ့သည်ကို ကိုင်တွယ်ဆောင်ရွက်ခြင်းဖြစ်သည်။ ၄ခုမြောက်ဖြစ်မှုဘောင်သည် ပြုပြင်ပြောင်းလဲရေးကို အဓိက ထားပြီး အနာဂတ်နှင့် သက်ဆိုင်သည်။ အတိတ်ကာလမှ ဖြစ်ရပ်မှန်များကို ဖော်ထုတ်ခြင်းကို အခြေခံပြီး လူတဦးချင်းစီနှင့် လူ့အသိုင်းအဝိုင်းတခုလုံး၏ အခွင့်အရေး အကြီးအကျယ် ချိုးဖောက် ခံနေရမှုများ နောက်ထပ်မဖြစ်ပွားစေရန် အာမခံပေမည့် ဥပဒေ ရေးရာနှင့် အဖွဲ့အစည်းဆိုင်ရာ ပြုပြင် ပြောင်းလဲရေးလုပ်ငန်းများ ဆက်လက်ဖွံ့ဖြိုးတိုးတက်လာစေရန် မဖြစ်မနေ အသုံးပြုရမည်။

ထပ်မံမဖြစ်ပွားစေရန် အာမခံခြင်းအတွက် ပြောင်းလဲရာတွင် လိုအပ်သည့် အထောက်အကူများသည် နောက်ခံအခြေအနေ အကြောင်းအရာ၊ အဖွဲ့အစည်း (သို့) အောက်ပါအချက်တို့ ပါဝင်သည့် ပြောင်းလဲရန်လိုအပ်သည့် စနစ်များအပေါ် လုံးလုံးလျားလျား မှီတည်နေသည်။

- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေများ
- ပညာရေးဆိုင်ရာ အဖွဲ့အစည်းများ
- တရားစီရင်ရေး
- လူထုဆက်သွယ်ရေးယန္တရား
- လုံခြုံရေးဆိုင်ရာတပ်ဖွဲ့များ (စစ်တပ်၊ ရဲ၊ ထောက်လှမ်းရေး)
- နိုင်ငံရေးစနစ်များ

ဆောင်ရွက်ချက်များတွင် လူတဦးချင်းစီအပေါ် စီစစ်မှုများ ပြုလုပ်ရန်လိုအပ်ပြီး ချိုးဖောက်မှုများတွင် ပါဝင်ကျူးလွန်သူများအား အများပြည်သူနှင့် သက်ဆိုင်သည့် ရာထူးများ မရရှိစေရန် သေချာအောင် ဆောင်ရွက်ရမည်။ ခွဲခြားဆက်ဆံမှုနှင့် ဖိနှိပ်ခံရသူများအပေါ် မလိုမုန်းထားမှုများ အဆုံး သတ်စေမည့် ခြေလှမ်းများဖြင့် လျှော့ကျလှမ်းရမည်ဖြစ်ပြီး လူတိုင်း လွတ်လပ်ပြီး တန်းတူညီမျှမှု ရှိသည့် လူ့အဖွဲ့အစည်းကို တည်ဆောက်ရန် အခြေခံအုတ်မြစ်ကို ချမှတ်ရမည်။

Notes

1. Guidance Note of the Secretary-General: United Nations Approach to Transitional Justice (“Guidance Note”), 2010, p. 2, https://www.un.org/ruleoflaw/files/TJ_Guidance_Note_March_2010FINAL.pdf.
2. Guidance Note, p. 8.
3. These are the crimes over which the International Criminal Court has jurisdiction. See Rome Statute of the International Criminal Court, 1998, http://legal.un.org/icc/statute/99_corr/cstatute.htm.
4. Guidance Note, pp.8-9.